# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်
## (၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် အရည်အချင်းသတ်မှတ်ချက်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | နေရာ | ပညာအရည်အချင်း သတ်မှတ်ချက် |
|---|---|---|---|
| (က) | စာရင်းကိုင်-၄ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁၂)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ |
| ( ခ ) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁၀)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ |
| ( ဂ ) | ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁၀)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ |
| ( ဃ ) | ယာဉ်မောင်း-၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | (၁၅)နေရာ | အခြေခံပညာအထက်တန်းအဆင့် ဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင်(ခ) အဆင့်ရှိသူ ဖြစ်ရမည်။ |
| ( င ) | အကောက်ခွန်ထိန်း (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၃၀)နေရာ | အခြေခံပညာအထက်တန်းအဆင့် ဖြစ်ရမည်။ |

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်း လက်ခံမည်မဟုတ်ပါ။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

( ဂ ) အပိုဒ် ၁၊ (က)(ခ)(ဂ) ပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် ၃၁-၈-၂၀၂၃ ရက်နေ့ တွင် အသက်(၂၈)နှစ်ထက် မကျော်လွန်စေရ။

(ဃ) အပိုဒ် ၁၊ (က)(ခ)(ဂ) ပါ ရာထူးနေရာများအတွက် လက်ရှိအကောက်ခွန်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော နေ့စားဝန်ထမ်းများ ဖြစ်ပါက ၃၁-၈-၂၀၂၃ ရက်နေ့တွင် အသက် (၄၅)နှစ်ထက် မကျော်လွန်စေရ။

( င ) အပိုဒ် ၁၊ (ဃ) ပါ ရာထူးနေရာအတွက် လျှောက်ထားသူများသည် ၃၁-၈-၂၀၂၃ ရက်နေ့ တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်စေရ။

( စ ) အပိုဒ် ၁၊ (င) ပါ ရာထူးနေရာအတွက် လျှောက်ထားသူများသည် ၃၁-၈-၂၀၂၃ ရက်နေ့ တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်စေရ။

( ဆ ) အပိုဒ် ၁၊ (ဃ)(င) ရာထူးနေရာများအတွက် အမျိုးသားများသာ လျှောက်ထားနိုင်သည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) ကိုယ်ရေးလျှောက်လွှာ

( ခ ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

( ဂ ) အသက်အထောက်အထားအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူ

(ဃ) အပိုဒ် ၁၊ (က)(ခ)(ဂ)ပါ ရာထူးများအတွက် ပညာအရည်အချင်းစိစစ်ရန် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် မူရင်း/မိတ္တူ

( င ) အပိုဒ် ၁၊(ဃ)(င) ပါ ရာထူးများအတွက် ပညာအရည်အချင်းစိစစ်ရန် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက်လက်မှတ် မူရင်း/ မိတ္တူ

( စ ) (၂) လအတွင်း ရိုက်ထားသော ပတ်စ်ပို့အရွယ် (၁.၂" + ၁.၄") ဓါတ်ပုံ(၂)ပုံ (ဓာတ်ပုံ ကျောဘက်တွင် အမည်နှင့်နိုင်ငံသား စိစစ်ရေးအမှတ်ရေးသားရန်)

(ဆ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်

( ဇ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး ၏ ထောက်ခံချက်

( ဈ ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း/ မိတ္တူ (အလုပ်သမားညွှန်ကြားမှုဦးစီး ဌာန၊ မြို့နယ်ရုံး၊ အမှတ် (၇) နယ်မြေ၊ ကျောက်တံတားမြို့နယ်) (သက်တမ်းတိုးပြီး)

၅။ အပိုဒ် ၁၊ (က)(ခ)(ဂ)ပါ ရာထူးများအတွက် လျှောက်ထားသူများသည် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်၍ ရေးဖြေအောင်မြင်သူ များကို ကွန်ပျူတာ နှင့် လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

၆။ အပိုဒ် ၁၊(ဃ)ပါ ရာထူးအတွက် လျှောက်ထားသူများသည် ယာဉ်မောင်းကျွမ်းကျင်မှု စစ်ဆေး ခြင်းနှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ အပိုဒ် ၁၊ (င)ပါ ရာထူးအတွက် လျှောက်ထားသူများသည် မြန်မာစာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည် ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများကို ရေကူး ကျွမ်းကျင်မှုနှင့် လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၈။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page (MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင်လာရောက် ရယူလိုပါက ၂၉-၉-၂၀၂၃ ရက်နေ့ မှ ၅-၁၀-၂၀၂၃ ရက်နေ့အထိ အမှတ် (၂၀၅/၂၁၁)၊ ၄၉ လမ်း နှင့် လမ်း ၅၀ ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ **(အကောက်ခွန်သင်တန်းကျောင်း)** တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၉။ လျှောက်လွှာများ လက်ခံရာ၌ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရုံး၊ အမှတ် (၇) နယ်မြေ၊ ကျောက်တံတားမြို့နယ်မှ ပေးပို့လာသည့် အလလခ (ပုံစံ - ၆) တွင် အမည်စာရင်း ပါရှိသူများ၏ လျှောက်လွှာများကိုသာ ၉-၁၀-၂၀၂၃ ရက်နေ့မှ ၁၃-၁၀-၂၀၂၃ ရက်နေ့အထိ အစိုးရရုံးဖွင့်ရက်များ၌ ရန်ကုန်မြို့ (အကောက်ခွန်သင်တန်းကျောင်း)တွင် အပိုဒ်(၄)ပါ စာရွက် စာတမ်းအထောက်အထားများနှင့်အတူ **လူကိုယ်တိုင်** လာရောက် လျှောက်ထားမှုများအား လက်ခံ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၁၀။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ(လုံးဝ) ထည့်သွင်းလက်ခံစဉ်းစားမည် မဟုတ်ပါ။

၁၁။ လျှောက်ထားသော ရာထူးနေရာများအလိုက် ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်း နှင့် ဖြေဆိုမည့် ရက်စွဲ၊ အချိန်နှင့် နေရာတို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)**ရှေ့ကြော်ငြာသင်ပုန်း၊ အမှတ် (၂၀၅/၂၁၁)၊ ၄၉လမ်း နှင့်လမ်း၅၀ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ **(အကောက်ခွန်သင်တန်းကျောင်း)** ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန်ဦးစီးဌာန ၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm ၊ Facebook Page (MACCS) တို့တွင် ကြေညာပေးသွားမည်ဖြစ်သည်။

၁၂။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း) ပါရှိရမည်။

၁၃။ ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါကအကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး (၁၀) နှစ်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၁၄။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၅။ လူတွေ့စစ်ဆေးချိန်တွင် လျှောက်ထားသည့်ရာထူးအလိုက် တင်ပြရန် လိုအပ်သော မူရင်းလက်မှတ်များဖြစ်သည့် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့် အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာ ကျောင်း၏ ထောက်ခံချက်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အလုပ်သမားမှတ်ပုံတင်ကတ်ပြားတို့ကို တင်ပြရမည် ဖြစ်ပါသည်။

၁၆။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း– ၀၁ ၃၈၀၇၃၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အကောက်ခွန်ဦးစီးဌာန